# အွန်လိုင်းမှ စာမေးပွဲကြေးပေးချေမှု အတွက် မေးလေ့ရှိသော မေးခွန်းများ (FAQs)

1. **Online ဖြင့် IELTS စာမေးပွဲကြေးများကို ဘယ် အချိန်မှာ စတင်ပေးသွင်းရမလဲ?**

   IELTS စာမေးပွဲကြေးများကို ၂၀၂၅ ခုနှစ်ဇန်နဝါရီလ (၂၀)ရက်နေ့မှ စတင်ပြီး အွန်လိုင်းဖြင့်သာပေးသွင်းနိုင်ပါမည်။ ပြည်တွင်းဘဏ်၊ မိုလ်ဘိုင်းဘဏ် အပ်ပလီကေးရှင်း (သို့) အင်တာနက်ဘဏ် အပ်ပလီကေးရှင်း (သို့) POS Machine များဖြင့် ထိုနေ့မှစ၍ လက်ခံတော့မည်မဟုတ်ပါ။

2. **ပြည်တွင်းဘဏ်များကနေ စာမေးပွဲကြေးများကို ဆက်လက်ပေးသွင်းနိုင်ပါသလား?**

   မရပါ။ ၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၂၀ရက်နေ့မှ စတင်ပြီး IELTS စာမေးပွဲကြေးများအားလုံးကို ယခင်ထက်ပိုမိုချောမွေ့အဆင်ပြေစေရန် အတွက် အွန်လိုင်းငွေပေးချေမှုဖြင့်သာ ပေးသွင်းရမည်ဖြစ်ပါသည်။

3. **ဘယ်လို အွန်လိုင်း ပေးသွင်းနည်းမျိုးအားလက်ခံပါသလဲ?**

   Visa, MasterCard, JCB ကတ်များ နှင့် အခြား အပြည်ပြည်ဆိုင်ရာ အွန်လိုင်းငွေပေးချေမှု လက်ခံထားသော ဘဏ်ကတ်များဖြင့်သာ လက်ခံပါသည်။

4. **အွန်လိုင်းမှ ပေးသွင်းခြင်းကို ဘယ်လိုလုပ်ဆောင်ရမလဲ?**

   IELTS စာမေးပွဲကြေးများကို IELTS Test Taker Portal [https://www.britishcouncil.org.mm/exam/ielts/test-taker-portal] မှ တဆင့် Visa,MasterCard, JCB ကတ်များ (သို့မဟုတ်) အခြားအပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော အွန်လိုင်းဖြင့်အသုံးပြုနိုင်မည့် ဘဏ်ကတ်မဆို အသုံးပြုပေးသွင်းနိုင်ပါသည်။ စာမေးပွဲကြေးပေးချေပုံ အဆင့်ဆင့်ကို ဒီလင့်ခ်မှာ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

5. **Visa,MasterCard, JCB ကတ်များ (သို့မဟုတ်) အခြားအပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော အွန်လိုင်းဖြင့်အသုံးပြုနိုင်မည့် ဘဏ်ကတ် မရှိဘဲ IELTS စာရင်းပေးသွင်းလို့ရနိုင်မလား?**

   စာမေးပွဲကြေးပေးသွင်းရန်အတွက် Visa,MasterCard, JCB ကတ်များ (သို့မဟုတ်) အခြား အပြည်ပြည်ဆိုင်ရာ အွန်လိုင်းငွေပေးချေမှု လက်ခံထားသော ဘဏ်ကတ် လိုအပ်ပါသည်။

6. **အရင် စာရင်းပေးသွင်းပြီး စာမေးပွဲကြေးကို နောက်မှပေးသွင်းနိုင်ပါသလား?**

   အရင်စာရင်းပေးသွင်းပြီး စာမေးပွဲကြေးကို နောက်မှပေးသွင်းနိုင်ပါသည်။ သို့သော် စာမေးပွဲကြေးများကို စာရင်းပေးသွင်းပြီး (၇၅) မိနစ်အတွင်း စာမေးပွဲကြေးအားပေးသွင်းရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက စာရင်းပေးသွင်းခြင်းသည် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်သည်။

7. **ဘာကြောင့် အွန်လိုင်း မှ တဆင့် စာမေးပွဲကြေးပေးသွင်းခြင်းကိုပြောင်းလဲ ရပါသလဲ?**

   အွန်လိုင်းမှ စာမေးပွဲကြေးကို စာရင်းပေးသွင်းခြင်းဖြင့် မြန်ဆန်ခြင်း၊ ပိုမို စိတ်ချရခြင်း နှင့် ပိုမိုသက်သောင့်သက်သာရှိပါသည်။ထို့အပြင် အမှားနည်းခြင်း၊ လူကိုယ်တိုင်လာရောက်ပေးသွင်းစရာမလို၍အချိန်ကုန်သက်သာခြင်း နှင့် စာမေးပွဲကြေးပေးသွင်းပြီးခြင်း အတည်ပြုချက်အီးမေးလ်အား ချက်ချင်းရရှိနိုင်ပါသည်။

8. **အခြားတဦးတယောက်သူ ၏ ဘဏ်ကတ်ကိုအသုံးပြုနိုင်ပါသလား?**

   အသုံးပြုနိုင်ပါသည်။ သို့သော် စာမေးပွဲကြေးပြန်အမ်းမှု လုပ်ဆောင်ပါက စာရင်းပေးသွင်းရာတွင် မိမိအသုံးပြုခဲ့သည့် ဘဏ် ကတ်ထဲသို့သာ ပြန်အမ်းငွေ ပြန်လည် ပေးသွင်းပေးမည်ဖြစ်ပါသည်။


IELTS is jointly owned by the British Council; IDP IELTS; and Cambridge University Press & Assessment

9. **စာမေးပွဲကြေးအား အခြား ငွေကြေးဖြင့် ပေးနိုင်ပါသလား?**
မပေးနိုင်ပါ။ စာမေးပွဲကြေးအား အမေရိကန်ဒေါ်လာ ဖြင့် သတ်မှတ်ထားပြီး အွန်လိုင်း ငွေပေးချေမှုဖြင့်သာလျှင် ပေးသွင်းနိုင်ပါသည်။

10. **အွန်လိုင်းမှ စာမေးပွဲကြေးပေးရင် စိတ်ချရပါသလား?**
ဗြိတိသျှကောင်စီမြန်မာနှင့် ပူးပေါင်းထားသော အွန်လိုင်းပေးချေမှု ဝန်ဆောင်မှုပေးသူ Stripe သည် အမေရိကန်နိုင်ငံအခြေစိုက် ဖိုင်နန်ရှယ်နည်းပညာ (Fintech) ကုမ္ပဏီတစ်ခုဖြစ်ပြီး စီးပွားရေးလုပ်ငန်းအမျိုးအစားအားလုံးအတွက် ပေးချေမှု ဆော့ဖ်ဝဲနှင့် အက်ပလီကေးရှင်းပရိုဂရမ်မင်းအင်တာဖေ့စ် (API) များကို ပံ့ပိုးပေးသူဖြစ်သည်။ ဤကုမ္ပဏီသည် ၁၉၅ နိုင်ငံ၊ ၁၃၅ ကျော်ငွေကြေးအမျိုးအစားများတွင် လုံခြုံသော အွန်လိုင်းပေးချေမှု ဖြေရှင်းချက်များနှင့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။ ထို့အပြင် Stripe သည် တိုက်ရိုက်ဘဏ်ချိတ်ဆက်မှုနှင့် ဒေသဆိုင်ရာအသိပညာဖြင့် အခြေခံထားသည့် ဒေသလိုက် အွန်လိုင်းပေးချေမှု စနစ်များကို ၄၆ ဗျူဟာဈေးကွက်တွင် လုပ်ကိုင်လျက်ရှိပါသည်။

11. **အွန်လိုင်းမှ စာမေးပွဲကြေးလွှဲလျှင် အခြားသော အပိုဝန်ဆောင်ခ (သို့) အခွန်ခများ ကောက်ခံပါသလား?**
အပိုဝန်ဆောင်ခ များ နှင့် အခွန်ကောက်ခံခများသည် စာမေးပွဲဖြေဆိုသူ အသုံးပြုခဲ့သော ဘဏ်၏ ဘဏ်ကတ်အပေါ်မူတည်၍ ရှိနိုင်ပါသည်။ထို့ကြောင့် မိမိ အသုံးပြုမည့် ဘဏ်သို့အသေးစိတ်မေးမြန်းနိုင်ပါသည်။

12. **စာမေးပွဲကြေးပေးသွင်းနေစဉ် အချိန်ကာလတွင် မိမိအသုံးပြုနေသည့် Browser အား ပိတ်လိုက်မိလျှင်မည်သို့ဆက်လက်လုပ်ဆောင်နိုင်မည်လဲ?**
Test Taker Portal မှ တစ်ဆင့် Log in ပြန်ဝင်ပြီး "Test & Results" တွင် မိမိစာရင်းပေးသွင်းထားသော စာမေးပွဲ သို့ ဝင်ရောက်ကာ စာမေးပွဲကြေးအား ဆက်လက်ပေးသွင်းနိုင်ပါသည်။ သင့်စာမေးပွဲရက် Booking အား ၇၅ မိနစ်အတွင်း စာမေးပွဲကြေးပေးသွင်းရန်လိုအပ်ပါသည်။ သို့မဟုတ် စာရင်းပေးသွင်းခြင်း သည် အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်သည်။




13. **စာမေးပွဲကြေးပေးသွင်းပြီးကြောင်းအတည်ပြုစာ မရောက်လာခဲ့လျှင်ဘယ်လိုလုပ်ဆောင်ရမလဲ?**
စာမေးပွဲကြေးပေးသွင်းခြင်းအောင်မြင်ပြီးလျှင် မိမိစာရင်းပေးသွင်းသည့်အခါအသုံးပြုထားသည့် အီးလ်မေးလ်သို့ အလိုအလျောက်အတည်ပြုစာ ရောက်လာမည်ဖြစ်ပါသည်။ ထိုအတည်ပြုစာအီးမေးလ်မရောက်လာခဲ့လျှင် ဗြိတိသျှကောင်စီ၏ Customer Service Team mmieltsadmin@mm.britishcouncil.org သို့ အီးမေလ်းပေးပို့ပြီး စစ်ဆေးမေးမြန်းနိုင်ပါသည်။

14. **စာမေးပွဲကြေးကို အွန်လိုင်းမှပေးသွင်းသည့်အခါ မအောင်မြင်ပါလျှင်ဘယ်လိုလုပ်ရမလဲ?**
အခြား မတူညီသည့် ကတ်တစ်ခု အားအသုံးပြုပြီး ပြန်လည်လုပ်ဆောင်ပေးပါ။

**15. မိမိ အသုံးပြုသည့် ဘဏ်ကတ်မှ ပိုက်ဆံဖြတ်သွားသော်လည်း စာမေးပွဲကြေးပေးသွင်းခြင်းမအောင်မြင်ခဲ့လျှင်ဘယ်လိုလုပ်ရမလဲ?**

ထိုသို့ကြုံတွေ့ခဲ့ပါလျှင် သင်အသုံးပြုခဲ့သည့် ဘဏ်ကတ် ၏ ဘဏ်သို့ ပထမဦးစွာဆက်သွယ်ပါ။ ထိုသို့လုပ်ဆောင်ပြီးသော် အဆင်မပြေခဲ့ပါလျှင် ဗြိတိသျှကောင်စီ ၏ Customer Service Team [mmieltsadmin@mm.britishcouncil.org](mailto:mmieltsadmin@mm.britishcouncil.org) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**16. စာမေးပွဲကြေးပေးသွင်းမှုနှင့်ပတ်သက်သည့် ကိစ္စရပ်များအား မေးမြန်းလိုရင် ဘယ်သူ့ကိုဆက်သွယ်ရမလဲ?**

စာမေးပွဲကြေးပေးသွင်းမှုသည့်ပတ်သက်သည့် ကိစ္စရပ်များအား မေးမြန်းလိုလျှင် ဗြိတိသျှကောင်စီ ၏ Customer Service Team [mmieltsadmin@mm.britishcouncil.org](mailto:mmieltsadmin@mm.britishcouncil.org) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**17. မိမိတွင် အွန်လိုင်းငွေပေးချေမှုပြုလုပ်နိုင်မည့် ဘဏ်ကတ် မရှိရင်ဘယ်လိုလုပ်ရမလဲ?**

အွန်လိုင်းငွေပေးချေမှုအတွက် အသုံးပြုနိုင်သည့်ဘဏ်ကတ်အား ထုတ်ပေးနိုင်သည့် ဘဏ်မှတဆင့် လျှောက်ထား ရန် ဦးစွာအကြံပြုလိုပါသည်။ (သို့မဟုတ်) မိမိယုံကြည် စိတ်ချရသူ တစ်ဦးဦး ထံမှ အကူအညီတောင်း၍ စာမေးပွဲကြေးပေးသွင်းနိုင်ပါသည်။

**18. စာမေးပွဲကြေးပေးသွင်းပြီးသည့်အခါ ပေးသွင်းပြီးကြောင်းငွေဖြတ်ပိုင်းရရှိနိုင်ပါသလား?**

ရရှိနိုင်ပါသည်။ စာမေးပွဲကြေးပေးသွင်းမှုအောင်မြင်သွားသည်နှင့် အီလက်တရောနစ် ငွေဖြတ်ပိုင်းအား သင် စာရင်းပေးသွင်းသည့်အခါအသုံးပြုထားသည့် အီးမေးလ်သို့ အလိုအလျောက်ရရှိမည်ဖြစ်ပါသည်။

**19. စာမေးပွဲရက်အားရွှေ့ပြောင်းလိုလျှင် ဘယ်လောက်ကြာနိုင်ပါသလဲ?**

စာမေးပွဲရက်အားရွှေ့ပြောင်းမှုအား အများပြည်သူ အလုပ်လုပ်ရက် (၃)ရက်အတွင်း အတည်ပြုပေးသွားမည်ဖြစ်ပါသည်။

**20. စာမေးပွဲကြေးငွေပြန်အမ်းမှုကို ဘယ်လိုပြုလုပ်နိုင်ပါသလဲ?**

စာမေးပွဲကြေးငွေပြန်အမ်းမှုကို Test Taker Portal [ https://www.britishcouncil.org.mm/exam/ielts/test-taker-portal ] ထဲမှ ဝင်ရောက်၍ အွန်လိုင်းမှ တစ်ဆင့်ပြုလုပ်နိုင်ပါသည်။

**21. စာမေးပွဲကြေးငွေပြန်အမ်းမှုကို ဘယ်လိုလွှဲပြောင်းပေးပါသလဲ?**

စာမေးပွဲကြေးငွေပြန်အမ်းမှုအတွက် ငွေအား မိမိ စာမေးပွဲကြေးပေးသွင်းသည့်အခါ အသုံးပြုခဲ့သည့် ကတ်ထဲသို့သာ ပြန်လည် လွှဲအပ်ပေးပါမည်။

**22. စာမေးပွဲစာရင်းပေးသွင်းမှု ဖျက်သိမ်းပြီး စာမေးပွဲကြေးငွေပြန်အမ်းမှု အတွက် ပြန်အမ်းငွေအားရရှိရန်ဘယ်လောက်ကြာမြင့်ပါသလဲ?**

စာမေးပွဲကြေးငွေပြန်အမ်းမှုအတွက် ကြာမြင့်ချိန်မှာ (၄) ပတ် မှ (၈) ပတ်အတွင်း ကြာမြင့်ပါမည်။ စာမေးပွဲကြေးပေးသွင်းသည့်အခါ အသုံးပြုခဲ့သည့် ကတ်ထဲသို့သာ ပြန်လည် လွှဲအပ်ပေးပါမည်။

**23. စာမေးပွဲကြေးငွေပြန်အမ်းရာတွင် အခြားဝန်ဆောင်ခများ ရှိပါလား?**

ပြန်အမ်းငွေပေးရာတွင် အခြားထပ်ပေါင်းငွေလွှဲခများ(သို့)အခွန်ခ  များသည် မိမိအသုံးပြုခဲ့သည့် ဘဏ်အပေါ်မူတည်၍ ရှိနိုင်ပါသည်။ ထို့ကြောင့် မိမိ အသုံးပြုထားသည့် ဘဏ်သို့ အသေးစိတ်မေးမြန်းနိုင်ပါသည်။

စာမေးပွဲကြေးငွေပြန်အမ်းမှု ပေါ်လစီ အသစ်များ၊ စည်းမျဉ်းစည်းကမ်းအသစ်များအား ၂၀၂၅ နိုဝင်ဘာလ (၂၀) တွင် အောက်ပါလင့်ခ် အသီးသီးတွင် ပြန်လည် ပြင်ဆင်ပေးသွားမည်ဖြစ်ပါသည်။

- IELTS for Academic and General Training: IELTS for Academic and General Training: transfer and cancellation policy | British Council
- IELTS for UKVI and Life Skills: IELTS for UKVI: cancellations and transfers policy | British Council